၁၇ ကြိမ်မြောက် တနင်္ဂနွေနေ့ ၊ ဇူလိုင် ၂၈ ၂၀၂၄

ဘုရားသခင်ဟာ ကျွန်ုပ်တို့ကိုရွေးချယ်ခဲ့တယ်ဆိုတာ ဘယ်လိုသိနိုင်မှာလဲ။

ဒုတိယကျမ်းမှာ သံပေါလုကအ အချုပ်ခံနေရစဉ်– ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ရဲ့ ခေါ်တော်မူခြင်းနဲ့ ထိုက်တန်တဲ့ပုံစံမျိုးနဲ့ လျှောက်လှမ်းသွားရမယ် ဆိုတဲ့အကြောင်း ဖော်ပြထားပါတယ်။

ထိုကဲ့သို့အသက်ရှင်ခြင်းရဲ့ လက္ခဏာနှစ်မျိုးမှာ

(၁) တဦးကိုတဦးအားပေးကူညီခြင်း၊ မိမိကိုယ်ကျိုးကိုမငဲ့ကွက်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်သည်းခံခြင်း အားဖြင့် ချစ်ခြင်းမေတ္တာကို သူတပါးဆီသို့ရောက်အောင် ပို့ဆောင်ခြင်း

(၂) ကျွန်ုပ်တို့တဦးစီဟာ ငြိမ်းချမ်းသာယာခြင်း၏ချည်နှောင်မှုအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်မှ ပေါ်ထွက်လာသော စည်းလုံးညီညွတ်ခြင်းကို ထိန်းသိမ်းစောင့်ရှောက်ရန် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်ခြင်း တို့ဖြစ်ပါတယ်။

ကျွန်ုပ်တို့တွေဟာ ခန္ဓာကိုယ်တခုတည်းအဖြစ် ပေါင်းစပ်ဖွဲ့စည်းထားတဲ့သူများဖြစ်ပါတယ်။ ထိုခန္ဓာကိုယ်ဟာ ခရစ်တော်ရဲ့ ခန္ဓာကိုယ်ဖြစ်ပြီး တခုတည်းသောအဖွဲ့အစည်း ချစ်ခြင်းနဲ့ တဦးနဲ့တဦးကြည့်ရှုစောင့်ရှောက်ခြင်းဆိုတာတွေဟာ လူအများအတွက်မြင်သာရမှာဖြစ်ပါတယ်။ မဿာတရားတော်ဟာ ဒီခန္ဓာကိုယ်ရဲ့ အမှတ်လက္ခဏာဖြစ်ပါတယ်။

ရှင်ပေါလုက တခုတည်းသော ခန္ဓာကိုယ် တခုတည်းသော စိတ်ဝိညာဉ် လို့ဆိုထားပါတယ်– ဒီအချက်ဟာ ကျွန်ုပ်တို့ကိုအသက်ဝင်စေပြီး ကျွန်ုပ်တို့အားလုံးကို တပေါင်းတစည်းတည်းဖြစ်စေပါတယ်။

တခါ –တခုတည်းသော မျှော်လင့်ခြင်း ဆိုတဲ့အချက်က ဘုရားရဲ့နိုင်ငံတော်ဟာ ကျွန်ုပ်တို့အားလုံးအတွက် ခိုင်မာသော မျှော်လင့်ချက် ဖြစ်ပြီး အဲဒီအတွက် ယခုကတည်းက ကျွန်ုပ်တို့အတွက် ပျော်ရွှင်ဝမ်းမြောက်ခြင်းဖြစ်ပါတယ်။

တပါးတည်းသောအရှင်သခင် –ဆိုတာက–ကိုယ်တော်ဟာ ကျွန်ုပ်တို့ လျှောက်လှမ်းရမဲ့လမ်းကို ပြသခြင်းဖြစ်ပါတယ်။

တပါးတည်းသောယုံကြည်ခြင်း–ဆိုတာက– ဘုရားရဲ့ချစ်မေတ္တာတော်နဲ့ ကြည့်ရှုစောင့်ရှောက်ခြင်းကို ကျွန်ုပ်တို့ လုံးလုံးလျားလျား ယုံကြည်ကိုးစားကြပါတယ်။ အဲဒီ့ ချစ်မေတ္တာတော်နဲ့ ကြည့်ရှုစောင့်ရှောက်ခြင်းဟာ တဦးကိုတဦးချစ်ခြင်းနဲ့ တဦးကိုတဦး ကြည့်ရှုစောင့်ရှောက်ခြင်းကနေ ဆင်းသက်လာခြင်းဖြစ်ပါတယ်။

တပါးတည်းသောဆေးကြောခြင်းမင်္ဂလာ–ဆိုတာက– ကျွန်ုပ်တို့မှာ ဘယ်အရင်းအမြစ်၊ ဘယ်နောက်ခံသမိုင်းကဘဲ ဆင်းလာဆင်းလာ၊ တဦးကိုတဦးကြည့်ရှုစောင့်ရှောက်ကြတဲ့ မိတ်သဟာယဖွဲ့ခြင်း၊ တခုတည်းသော ကြီးမားတဲ့မိသားစုဝင်ဖြစ်ကြလို့ ကျွန်ုပ်တို့အချင်းချင်း ညီအစ်ကိုမောင်နှမများ ဖြစ်ကြပါတယ်။

ဒီလိုစည်းလုံးညီညွတ်ခြင်းဟာ မိမိတို့တဦးတည်း ကြိုးပမ်းအားထုတ်လို့ မရနိုင်ပါဘူး။ နည်းလမ်းပေါင်းစုံနဲ့ ကျွန်ုပ်တို့ကိုကျွေးမွေးဘို့ ခွန်အားပေးဘို့ ဆင်းကြွလာတဲ့ အသက်ရဲ့မုန့်တော်ဖြစ်တဲ့ ယေရှုခရစ်တော်သခင်ရဲ့ ကူညီစောင်မခြင်းကို ကျွန်ုပ်တို့အလိုရှိကြပါတယ်။

ဧဝံဂေလိကျမ်း–ယောဟန် ၆း၁–၁၅ ဟာ ဧဝံဂေလိကျမ်း ၄ စောင်စလုံးမှာ တွေ့ရပါတယ်။ တချို့သော အံ့ဘွယ်ရာများကို လုပ်ဆောင်ပြီးနောက် သခင်ယေရှုဟာ ဂါလီလေအာပင်လယ်ကို ကိုယ်တော်ရဲ့နောက်လိုက်နောက်ပါများနဲ့အတူတကွ ဆိတ်ငြိမ်သောနေရာကိုရှာဖွေတွေ့ရှိနိုင်ဘို့အတွက် ဖြတ်ကူးခဲ့ကြပါတယ်။ များစွာသောလူအုပ်ကြီးဟာ ပိုပြီးများစွာသော တန်ခိုးလက္ခဏာကိုတွေ့မြင်နိုင်ဘို့၊ ကုသခြင်းများကိုရရှိဘို့ ကိုယ်တော်ရဲ့နောက်တော်ကို လိုက်ခဲ့ကြပါတယ်။

ကိုယ်တော်ဟာ မိမိတပည့်တော်ကြီးများနဲ့အတူ စုရုံးလာကြတဲ့လူအုပ်ကြီးကို တွေ့မြင်ခဲ့ကြပါတယ်။ ဒီဇေဝံဂေလိကျမ်းပိုဒ်ကနေပြီး–
ကျွန်ုပ်တို့အတွက်သင်ခန်းစာက–

၁။ ဘုရားရဲ့ကြည့်ရှုစောင့်ရှောက်ခြင်း၊ ဘုရားရဲ့ပံ့ပိုးမှု၌ယုံကြည်ခြင်းအကြောင်းကို တွေ့ရပါတယ်။ ကြီးမားသောလူအုပ်ကြီးကိုကျွေးမွေးဘို့ ဘယ်လိုမှမဖြစ်နိုင်တဲ့ အကန့်အသတ်ရှိပြီး အနည်းငယ်သော အရင်းအမြစ်ကနေ သခင်ဘုရားဟာ ဘုရားသခင်ရဲ့ ဘုရားရဲ့ကြည့်ရှုစောင့်ရှောက်ခြင်း၊ ဘုရားရဲ့ပံ့ပိုးမှု၌ယုံကြည်ခြင်းကို လူအများအား သိမြင်စေခဲ့ပါတယ်။ ကျွန်ုပ်တို့ရဲ့လိုအပ်ချက်များကို ဖြည့်စွမ်းဘို့အတွက်၊ မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့စိန်ခေါ်မှုတွေရှိလာတာတောင်မှာ ဘုရားရဲ့ဘုန်းတန်ခိုး၌ ယုံကြည်ကိုးစားဘို့အတွက် ကျွန်ုပ်တို့ကို သင်ကြားပေးပါတယ်။

၂။ ရက်ရောခြင်းအကြောင်းကိုတွေ့ရပါတယ်။ လူငါးထောင်ကို ကျွေးမွေးခဲ့တဲ့ ထူးဆန်းအံ့သြဘွယ်ရာဟာ၊ လူငယ်လေးတဦးက သူ့မှာရှိခဲ့မုန့်စုလေး မုန့်ငါးလုံးနဲ့ငါးနှစ်ကောင်ကနေပြီး ဖြစ်သွားတဲ့အရာ ဖြစ်ပါတယ်။ ဘယ်လောက်ဘဲသေးငယ်တဲ့အရာဖြစ်ပါစေ၊ ဒီသဒ္ဓါရက်ရောခြင်းဟာ ကြီးမားသောအရာ ထူးဆန်းသောအရာ ဖြစ်လာဘို့အတွက် အကြောင်းရင်းဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ မရှိရှိတာလေးကို ပေးလှူဘို့အတွက် စိတ်ဆန္ဒကနေပြီး လွန်စွာကြီးမားသောအရာများကို ဖြစ်ပေါ်လာစေနိုင်တယ်ဆိုတဲ့အကြောင်း ကျွန်ုပ်တို့ကို သိမြင်စေပါတယ်။

၃။ အသင်းအဖွဲ့နှင့် စည်းလုံးညီညွတ်ခြင်းအကြောင်းကို သင်ကြားပါတယ်။ လူတွေဟာ အဖွဲ့လိုက်အဖွဲ့လိုက် စုစေပြီး အစာမစားမီနေရာယူခိုင်းတယ် ထိုင်ခိုင်းပါတယ်။ ဒီလိုအသင်းအဖွဲ့နဲ့ စည်းစည်းလုံးလုံးရှိနေစေခြင်းဟာ ထူးဆန်းအံ့သြဘွယ်ရာဖြစ်လာဘို့အတွက် အကြောင်းဖြစ်ပါတယ်။ ကြီးမားတဲ့အရာများကို ဖြစ်ပေါ်စေဘို့အတွက် အသင်းအဖွဲ့နဲ့ စည်းလုံးညီညွတ်ခြင်းဟာ လွန်စွာပင်အရေးကြီးကြောင်းကို သင်ကြားပေးပါတယ်။

၄။ ထိန်းသိမ်းစောင့်ရှောက်ခြင်း အကြောင်းနဲ့ပတ်သက်လို့လည်း သင်ကြားပေးပါတယ်။ အဲဒီမှာရှိတဲ့ လူအယောက်တိုင်းဟာ ဝလင်စွာစားရရုံမကဘဲ၊ လူတိုင်းလူတိုင်း ဝစွာစားပြီးတဲ့နောက်ပိုင်း ပိုလျှံသောအကြွင်းအကျန်များကိုလည်း စုသိမ်းနိုင်ခဲ့ပါတယ်။ ဒါဟာ ထိန်းသိမ်းစောင့်ရှောက်ခြင်း အကြောင်းနဲ့ပတ်သက်လို့ ၊ ဘာမဆို အရင်းအမြစ်များကို ထိန်းသိမ်းဖို့၊ ဘုရားရဲ့ကျေးဇူးတော်တွေကို အလွဲသုံးစားမလုပ်ဖို့၊ သတိပညာရှိစွာ စီမံခန့်ခွဲတတ်ဖို့ ကျွန်ုပ်တို့ကို သင်ကြားပါတယ်။ ကျွန်ုပ်တို့ဟာ ကောင်းသောထိန်းသိမ်းစောင့်ရှောက်သူ ကောင်းသောစီမံခန့်ခွဲသူဖြစ်မယ်ဆိုလျှင်၊ လိုအပ်တာထက်ပိုတဲ့ ကျေးဇူးတော်များနဲ့ လူတွေအတွက် ကျွန်ုပ်တို့ အလုပ်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

၅။ ထူးဆန်းအံ့ဩဘွယ်ရာနှင့် သခင်ယေရှုရဲ့တန်ခိုးကို မြင်တွေ့စေပါတယ်။ ဒီဇဝံဂေလိကျမ်းပိုဒ်ဟာ သခင်ဘုရားရဲ့ ထူးဆန်းအံ့ဩဘွယ်ရာ ပြုလုပ်နိုင်ခြင်းကို ပြသပါတယ်။ သခင်ဘုရား၌ကြီးမားသောယုံကြည်ခြင်းရှိခြင်း နဲ့ ကျွန်ုပ်တို့ရဲ့အသက်တာမှာ မဖြစ်နိုင်တာများကို ပြုလုပ်နိုင်တယ် ဆိုတဲ့အကြောင်းကို သတိရစေပါတယ်။ ကိုယ်တော်၌ယုံကြည်ခြင်းနဲ့ ကိုယ်တော်ရဲ့တန်ခိုးအာနုဘော်တော်ကို ယုံကြည်ကိုးစား အမှီသဟဲပြုပြီး ကျွန်ုပ်တို့တွေကြုံရတဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖို့အတွက် ခွန်အားပေးပါတယ်။

၆။ ကျေးဇူးတော်ကိုသိမှတ်ဝန်ခံခြင်းနဲ့ ကျေးဇူးတရားသိတတ်ခြင်း အကြောင်းကို သင်ကြားပါတယ်။ ဒီထူးဆန်းအံ့ဩဘွယ်ရာကို တွေ့ကြုံခဲ့ပြီးနောက်၊ လူတွေဟာ သခင်ဘုရားကို ပရောဖက်တပါးအဖြစ် မြင်တွေ့ပြီး၊ ကိုယ်တော်ကို ရှင်ဘုရင်ပြုချင်ခဲ့ပါတယ်။ ကျွန်ုပ်တို့ဘဝမှာ ခံစားရတဲ့ကျေးဇူးတော်များကို သိမှတ်ဝန်ခံပြီး ကျေးဇူးဆပ်တင်တတ်ခြင်းဟာ အရေးကြီးကြောင်း သင်ကြားပါတယ်။ ဘဝမှာ ကြုံတွေ့ရတဲ့ အံ့ဩဘွယ်ရာများအတွက် လိုအပ်ရာများကိုရရှိစေခြင်းအတွက် ကျေးဇူးတင်တတ်ရမယ် ဆိုတာကို သင်ကြားပေးပါတယ်။

ထောက်ရှုချက်–

မဖြစ်နိုင်တော့ဘူးလို့ထင်မြင်ခဲ့ပေမဲ့ ဘုရားရဲ့ကြည့်ရှုစောင့်ရှောက်မှုနဲ့ ကျေးဇူးတော်များကို ကျွန်ုပ်ဘယ်လိုဘယ်ပုံ အဘယ်ကဲ့သို့ ခံစားခဲ့ရပါသလဲ။ ကျွန်ုပ်ရဲ့အသက်တာမှာ ဖြစ်စေ၊ သူတပါးရဲ့အသက်တာမှာဘဲဖြစ်စေ မုန့်နဲ့ငါးကို များစွာပွားများစေခြင်းနဲ့ ဆင်တူတဲ့အဖြစ်မျိုး ကျွန်ုပ်တွေ့ကြုံဖြတ်သန်းခဲ့ဘူးပါသလား။ ဘဝမှာ မပြည့်ဝမစုံလင်ခြင်းများကို ရင်ဆိုင်တွေ့ကြုံရတဲ့အခါ ဒါမှမဟုတ် အဲဒီလိုခံစားရတဲ့အခါ ဘုရားဟာ ကျွန်ုပ်ကိုပေးထားတဲ့ စွမ်းဆောင်နိုင်ခြင်း အရည်အချင်းတွေရှိတယ်၊ ဘုရားဟာ ကျွန်ုပ်ရဲ့ကြိုးပမ်းအားထုတ်မှုကိုအသုံးပြုနေပါတယ် ဆိုတာကို ပြန်ပြီးသတိရပါရဲ့လား။ ထူးဆန်းအံ့ဩဘွယ်ရာများဖြစ်စေဘို့အတွက် ဘုရားသခင်အား ကျွန်ုပ်မှာရှိတဲ့ သေးငယ်သောမည်သည့်အရာများကို ပေးအပ်ခဲ့ပြီးပြီလဲ။ အနည်းငယ်သောအရင်းအမြစ်များထဲက ကိုယ်တော်ကိုခိုလှုံကိုးစားဘို့ ကျွန်ုပ်မှာခံစားခဲ့ဘူးပါသလား။ ဘုရားရဲ့ကူညီမစခြင်းနဲ့ ယုံကြည်ခြင်းလမ်းခရီးပေါ်မှာလျှောက်လှမ်းဘို့အတွက် အခြားသောသူများတွေကို ကျွန်ုပ်ဘယ်လိုအားပေးခဲ့ဘူးပါသလဲ။ ကျွန်ုပ်လိုတာထက်ပိုပြီး ဘုရားရဲ့ကျေးဇူးတော်ကို ဘယ်လိုပုံစံမျိုးခံစားခဲ့ဘူးပါသလဲ။